**HUMAN RIGHTS WATCH**

350 Fifth Avenue, 34th Floor
New York, NY 10118-3299
Tel: 212-290-4700
Fax: 212-736-1300
Email: hrwnyc@hrw.org

Kenneth Roth, *Executive Director*
Michele Alexander, *Deputy Executive Director, Development and Global initiatives*
Carroll Bogert, *Deputy Executive Director, External Relations*
Iain Levine, *Deputy Executive Director, Program*
Chuck Lustig, *Deputy Executive Director, Operations*
Emma Daly, *Communications Director*
Barbara Guglielmo, *Finance & Administration Director*
Peggy Hicks, *Global Advocacy Director*
Dinah PoKempner, *General Counsel*
James Ross, *Legal & Policy Director*
Joe Saunders, *Deputy Program Director*

PROGRAM DIRECTORS

Brad Adams, *Asia*
Rachel Denber, *Europe & Central Asia (Acting)*
Daniel Bekele, *Africa*
José Miguel Vivanco, *Americas*
Sarah Leah Whitson, *Middle East & North Africa*
Joseph Amon, *Health and Human Rights*
John Biaggi, *Film Festival*
Peter Bouckaert, *Emergencies*
Richard Dicker, *International Justice*
Bill Frelick, *Refugees*
Arvind Ganesan, *Business & Human Rights*
Steve Goose, *Arms*
Liesl Gerntholtz, *Women's Rights*
Boris Dittrich, *Lesbian, Gay, Bisexual & Transgender Rights (Acting)*
Joanne Mariner, *Terrorism & Counterterrorism*
Alison Parker, *United States*
Lois Whitman, *Children's Rights*

ADVOCACY DIRECTORS

Philippe Bolopion, *United Nations*
Juliette de Rivero, *Geneva*
Jean-Marie Fardeau, *France*
Lotte Leicht, *European Union*
Tom Malinowski, *Washington DC*
Tom Porteous, *United Kingdom*

BOARD OF DIRECTORS

James F. Hoge, Jr., *Chair*
Susan Manilow, *Vice-Chair*
Joel Motley, *Vice-Chair*
Sid Sheinberg, *Vice-Chair*
John J. Studzinski, *Vice-Chair*
Bruce J. Klatsky, *Treasurer*
Bruce Rabb, *Secretary*
Karen Ackman
Jorge Castañeda
Tony Elliott
Hassan Elmasry
Michael G. Fisch
Michael E. Gellert
Hina Jilani
Betsy Karel
Wendy Keys
Robert Kissane
Joanne Leedom-Ackerman
Oki Matsumoto
Barry Meyer
Pat Mitchell
Joan R. Platt
Amy Rao
Neil Rimer
Victoria Riskin
Amy L. Robbins
Shelley Rubin
Kevin P. Ryan
Jean-Louis Servan-Schreiber
Javier Solana
Darian W. Swig
John R. Taylor
Catherine Zennström

Robert L. Bernstein, *Founding Chair, (1979-1997)*
Jonathan F. Fanton, *Chair (1998-2003)*
Jane Olson, *Chair (2004-2010)*

HUMAN RIGHTS WATCH

www.hrw.org

ဗိုလ်ချုပ်ရာပြည့်
စစ်ဥပဒေချုပ်
ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၁၊ မတ်လ ၂၄

**အကြောင်းအရာ။ ။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေကို လေးစားရန် အားပေးခြင်း**

ဗိုလ်ချုပ်ရာပြည့်သို့

နိုင်ငံတွင်းမှာ ဆက်လက်ဖြစ်ပွားနေဆဲ လက်နက်ပဋိပက္ခများတွင် မြန်မာအစိုးရနှင့် တပ်မတော်အား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေ (စစ်ဥပဒေများ) ကို လေးစားရန် တိုက်တွန်းနိုးဆော်ဖို့ မြန်မာနိုင်ငံ၏ ၆၆ ကြိမ်မြောက် တပ်မတော်နေ့ဖြစ်သည့် မတ်လ ၂၇ တွင် ဤစာကို ရေးသားပေးပို့လိုက်ရခြင်းဖြစ်သည်။

လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်ပြီး၊ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၈၀ ထက်မကသော နိုင်ငံများတွင် အစိုးရနှင့် အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့များမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဥပဒေများအား ချိုးဖောက်မှုများအပေါ် အစီရင်ခံရေးသားတင်ပြသည့်အဖွဲ့ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေဘောင်အတွင်းသို့ တပ်မတော်က ဝင်ရောက်လာရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ အလုံးစုံကို စစ်ဥပဒေချုပ်အနေဖြင့် လုပ်ဆောင်သွားဖို့ ကျွန်တော်တို့ တောင်းဆိုပါသည်။ အထူးသဖြင့်၊ အရာရှိများနှင့် စစ်သားများအားလုံး လူအခွင့်အရေးများနှင့် စစ်ဥပဒေများကို လေးစားဖို့ အားပေးလှုံ့ဆော်ရန် နည်းလမ်းများကို အသုံးပြုခြင်း၊ ဆိုးရွားလှသည့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုများကို ချိုးဖောက်သည့် စစ်သည်တော်များအားအရေးယူပြီး တာဝန်ယူဖြေရှင်းမှုများပြုလုပ်စေခြင်း၊ စစ်ဥပဒေများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တခုအား ဖွဲ့ဆိုရန် တင်ပြချက်အား ပူးပေါင်းလုပ်ဆောင်သွားဖို့ လိုလားမှုကို ဖော်ထုတ်သွားရန်တို့ဖြစ်သည်။

တပ်မတော်စစ်တပ်များက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် စစ်ဆင်မှုများတွင် စစ်ဥပဒေများအား ချိုးဖောက်မှုများကို ဆိုးဆိုးရွားရွား၊ ကျယ်ပြန့်စွာ လုပ်နေမှုများအပေါ် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေး အဖွဲ့က အင်မတန်စိုးရိမ်လျှက်ရှိသည်။ တပ်မတော်အဖွဲ့များက ကရင်၊ ကယား၊ ရှမ်း၊ ချင်း၊နှင့် ရခိုင်ပြည်နယ်များအပါအဝင် တိုင်းရင်းသားလူနည်းစုများအပေါ် တိုက်ရိုက်ပစ်မှတ်ထားပြီး တိုက်ခိုက်သည်။ ထိုသို့ချိုးဖောက်မှုများတွင် သူတပါးပိုင်ဆိုင်သည့်ပစ္စည်းများကို သိမ်းယူခြင်း၊ လူထုအသက်ရှင်ရန် မရှိမဖြစ်လိုအပ်သည့် အစာရေစာ ထုတ်လုပ်မှုများနှင့် အခြားအရာများကို ပစ်မှတ်ထားခြင်း၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်အကြမ်းဖက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ဥပဒေဘောင်ပြင်ပတွင်



AMSTERDAM · BEIRUT · BERLIN · BRUSSELS · CHICAGO · GENEVA · JOHANNESBURG- LONDON · LOS ANGELES · MOSCOW · NEW YORK · PARIS · SAN FRANCISCO · TOKYO · TORONTO · WASHINGTON

သတ်ဖြတ်မှုတို့ပါဝင်သည်။ တပ်မတော်က လူသတ်မိုင်းများကို ဆက်လက်သုံးနေမြဲဖြစ်ပြီး၊ ကလေးစစ်သားများကိုလည်း ဆက်လက်စုဆောင်း သုံးနေမြဲဖြစ်သည်။ စစ်မက်ဖြစ်ပွားရာနေရာများတွင် ထောက်ပံ့မှုများနှင့် လက်နက်ခဲယမ်းများကို သယ်ဆောင်ဖို့ အရပ်သားများကို ပေါ်တာလုပ်ခိုင်းသည်။

၂၀၁၀ နိုင်ဝင်ဘာလကတည်းက၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး မှ ခွဲထွက်သွားသည့် အဖွဲ့က မြဝတီကို အချိန်ပိုင်း သိမ်းပိုက်လိုက်သည့်အချိန်မှစပြီး ကရင်ပြည်နယ်အလယ်ပိုင်းတွင် တပ်မတော်စစ်ဆင်မှုများ တိုးတက်လာနေခဲ့သည်။ ထိုင်း–မြန်မာနယ်စပ်နစ်ဖက်စလုံးတွင် သောင်းပေါင်းများစွာသော အရပ်သားများ ရောက်ရှိလာရသည်။ ရရာဖြင့်ပြုလုပ်ထားသောဗုံးများ၊ လူသတ်မိုင်းများ ထောင်ထားသည့်နေရာများကြား အရပ်သားများကို ဒဏ်ရာရသူများအား အတင်းသယ်ဆောင်ခိုင်းသည်။ မြန်မာနိုင်ငံတလွှား အကျဉ်းထောင်များမှ မြောက်များစွာသောထောင်သားရဲဘက်များမှာလည်း စစ်ဆင်မှုများတွင် စစ်တပ်အတွက် အတင်းပေါ်တာလုပ်ခိုင်းခြင်းခံရသည်။ သူတို့အား **"atrocity de-mining"** လို့ခေါ်သည့် နင်းမိုင်းများကို ဖော်ထုတ်ရန် လူများအား စစ်တပ်များရှေ့တွင် သွားစေခြင်းဖြစ်သည်။

စစ်ဥပဒေများချိုးဖောက်မှုများအတွက် စစ်သည်တော်များအား တရားစွဲဆိုရန်နှင့် စုံစမ်းစစ်ဆေးရန် တပ်မတော်မှ ပျက်ကွက်မှုများအပေါ် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က အစိုးရိမ်ကြီး စိုးရိမ်လျက်ရှိသည်။ မြန်မာနိုင်ငံပြည်တွင်းမှာဖြစ်နေသည့် စစ်ပဋိပက္ခများတွင်ပါဝင်သူ အစိုးရနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များအားလုံးက အပြည်ပြည်ဆိုင်ရာစစ်ချုပ်နှင့် အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေများကို လိုက်နာရန်တာဝန်ရှိသည်။ မြန်မာနိုင်ငံသည် ၁၉၄၉ ဂျီနီဗာသဘောတူစာချုပ်၏ အဖွဲ့ဝင်ပါတီဖြစ်သည်။ ထိုစာချုပ်၏ ဘုံ ပုဒ်မ ၃ က စစ်ပဋိပက္ခများတွင် ဖမ်းမိစစ်သည်များနှင့် အရပ်သားများကို အကာအကွယ်ပေးရန်ဆိုထားသည်။ အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေများက စစ်မက်ဖြစ်ပွားခိုက်တလျှောက်လုံး ဥပဒေကျသည့် လုပ်ဆောင်မှုများနှင့် နည်းလမ်းများကို သုံးဖို့ ဆိုထားသည်။

စစ်ရာဇဝတ်မှုများဖြစ်သည့် စစ်ဥပဒေများကို တမင်ကြံရွယ်ကာချိုးဖောက်မှုများ (သို့) ပရမ်းပတာ ဆိုးဆိုးရွားရွား ချိုးဖောက်နေမှုများကို တရားစွဲဆိုဖို့ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မြန်မာနိုင်ငံမှာ တာဝန်ရှိသည်ဆိုတာ ဗိုလ်ချုပ်သိသည့်အတိုင်းပါပဲ။ စစ်ရာဇဝတ်မှုတွင် ကလေးများကို စစ်သည်များအဖြစ် အသုံးပြုမှု၊ လူများကို လူတံတိုင်းအဖြစ်အသုံးပြုမှု၊ မုဒိမ်းကျင့်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ အကျဉ်းနည်းဖြင့် အဆုံးစီရင်မှုများ၊ အရပ်သားများအား တမင်ကြံရွယ်ကာ (သို့) ပရမ်းပတာ တိုက်ခိုက်မှုများအပါအဝင် အခြား များစွာသော ကျူးလွန်မှုများပါဝင်သည်။ လူပုဂ္ဂိုလ်တဦးချင်းက စစ်ရာဇဝတ်မှုဖြစ်မြောက်အောင် ကူညီမှုနှင့် အားပေးမှုများ (သို့) ဖြစ်မြောက်အောင်ဖေးမပေးမှု၊ ကူညီမှုများအပါအဝင် စစ်ရာဇဝတ်မှုကို ကျူးလွန်ရန် ကြိုးပမ်းမှုများအတွက် ပြစ်မှုအရ အရေးယူခြင်းခံရမည်။

မြန်မာနိုင်ငံ၏ နှစ်ရှည်ကြာပြည်တွင်းစစ်ပဋိပက္ခများတွင် ပြစ်ဒဏ်ပေးခြင်းမှကင်းလွတ်ခွင့်ကို အချိန်ကြာညောင်းစွာသုံးနေမှုအား ရပ်တန့်ရန် အပြည်ပြည်ဆိုင်ရာကြိုးပမ်းမှုများအပေါ် ထောက်ခံရန်၊ တပ်မတော်တပ်သားများက လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုများအား ချိုးဖောက်ကျူးလွန်မှုအတွက် တာဝန်ယူဖြေရှင်းမှုကို လုပ်ဆောင်ရန် တိုက်တွန်းသည်။ စစ်ဥပဒေများအား ကျူးလွန်မှုကို ရပ်ရန် အောက်ပါ လုပ်ဆောင်မှုများကို ထောက်ခံခြင်း၊ လက်ခံကျင့်သုံးခြင်းကို တပ်မတော်၏ စစ်ဥပဒေချုပ်တယောက်အနေဖြင့် လုပ်ဆောင်သွားရန် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က တိုက်တွန်းသည်။

၁) စစ်ဆင်မှုများတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုဥပဒေများကို စစ်သားများနှင့် အရာရှိများက လိုက်နာရန်အတွက် အတိအလင်း အမိန့်ပေးပါ။ စစ်မက်များဖြစ်ပွားစဉ်အတွင်း အရပ်သားများအား ဘေးဖြစ်မှုကို နည်းနိုင်သလောက်နည်းအောင် လိုအပ်သည့် လုပ်ဆောင်မှုများကို ပြုပါ။ အရပ်သားများနှင့် ဖမ်းမိစစ်သည်များကို ဂျီနီဗာသဘောတူစာချုပ်၏ ဘုံ ပုဒ်မ ၃ အရ ပြုကျင့်ဆက်ဆံပါ။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းကော်မတီ၏ လုပ်ငန်းများပြန်လည်စတင်လုပ်ဆောင်ခြင်းများကို ထောက်ခံပါ။ အထူးသဖြင့် ၎င်းတို့၏ တိုင်းဒေသရုံးများအား စတင်လုပ်ဆောင်ခြင်းများကို ထောက်ခံအားပေးပါ။

၂) လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုများအား ချိုးဖောက်ကျူးလွန်းထားသည့် စစ်သည်များအားလုံးကို သင့်တော်သလို တရားစွဲဆိုပါ၊ (သို့) စည်းကမ်းအရအရေးယူသွားရန်နှင့် စုံစမ်းစစ်ဆေးမှုများကို အပြည့်အဝ လုပ်ဆောင်သွားပါ။ စစ်ခုံရုံးများက အပြည်ပြည်ဆိုင်ရာ တရားဥပဒေလုပ်ထုံးလုပ်နည်းများနှင့် တရားမျှတသောစီရင်မှု စံချိန်နှင့် အညီလုပ်ပါ။

၃) စစ်သည်များက အရပ်သားများအပေါ် ကျူးလွန်သောပြစ်မှုများတွင် အရပ်သားများမှ ပါဝင်ကြီးကြပ်မှုကို အားပေးပါ။ ၂၀၀၈ အခြေခံဥပဒထဲမှာ ခွင့်ပြုထားခြင်းမရှိပေ။ ထိုထဲတွင် "စစ်ဘက်တရားစီရင်ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။" (အခန်း ၇၊ ပုဒ်မ ၃၄၃ (ခ))။

၄) အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို တရားဝင်သော ပြစ်မှုကျူးလွန်မှုများအတွက် စစ်ခုံရုံး၌ မဟုတ်ပဲ အရပ်သားတရားခုံရုံးတွင် တရားစွဲပါ။ ထိုခုံရုံးများမှာ လွတ်လပ်ပြီး၊ ဘက်မလိုက်သည့်၊ လုပ်ရည်ကိုင်ရည်ရှိသည့် ခုံရုံးများဖြစ်ရမည်။

၅) ယခုလက်ရှိ လူ့အခွင့်အရေးအဖွဲ့ကို ပြည်တွင်းလူအခွင့်အရေးအဖွဲ့အစည်းများအတွက် ပဲရစ် ဥပဒေသများ နှင့်လိုက်လျောညီထွေစွာဖြင့် လွတ်လပ်မှုအပြည့်အဝရှိပြီး ဘက်မလိုက်သည့် ပြည်တွင်း လူ့အခွင့်အရေးကော်မရှင်တရပ်သို့ကူးပြောင်းဖွဲ့စည်းသွားရန် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အား ကျွန်တော်တို့ကတောင်းဆိုမှုကို ထောက်ခံအားပေးပါ။ အစိုးရအရာရှိများနှင့် စစ်သည်များ၏ မတရားပြုမှုများအား စုံစမ်းစစ်ဆေးနိုင်မည့် လွတ်လပ်သည့် လူ့အခွင့်အရေးကော်မရှင်တရပ်ကိုထားရှိခြင်းဖြင့် တရားဥပဒေစိုးမိုးရေးအား လေးစားလိုက်နာရန် မြှင့်တင်ရာကျပြီး၊ ပြစ်ဒဏ်စီရင်ခြင်းမှ ကင်းလွတ်ခွင့်လုပ်ရပ်များကိုလည်း ရပ်တန့်စေမည့် အရေးကြီးသောခြေလှမ်းကို စတင်နိုင်မှာဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့်၊ မြန်မာနိုင်ငံ၏ ပြည်တွင်း စစ်မက်ပဋိပက္ခများတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုဥပဒေများအား ချိုးဖောက်မှုများအတွက် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တဖွဲ့ကို ဖွဲ့ရန် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထောက်ခံအားပေးကြောင်းလမ်းခင်းသည့်အနေဖြင့် ဤအခွင့်အလမ်းကို ကျွန်တော်တို့ရယူသုံးခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တဖွဲ့ကို ဖွဲ့ရန် တောင်းဆိုချက်ကို မြန်မာနိုင်ငံသို့စေလွှတ်ခြင်းခံရသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ်တော Tomas Ojea Quintana က ၄င်း၏ ၂၀၁၀ ခုနှစ် မတ်လအစီရင်ခံစာတွင် ပထမဦးစွာတောင်းဆိုထားပြီး၊ ၂၀၁၀ အောက်တိုဘာလနှင့် ၂၀၁၁ မတ်လများတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့တင်ပြသော အစီရင်ခံစာများတွင် ပိုမိုရှင်းလင်းစွာတင်ပြထားသည်။ ကျွန်တော်တို့က စုံစမ်းစစ်ဆေးရေးကော်မရှင် အပေါ် "အမေး၊ အဖြေများ" ခေါင်းစဉ်ဖြင့် မြန်မာလိုနှင့် အင်္ဂလိပ်လို အသေးစိတ် ရေးထားတာကို ပူးတွဲတင်ပြထားပါသည်။ ဤစာတမ်းကို စစ်ဥပဒေချုပ်၏ လက်အောက်ငယ်သားများအားလုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများနှင့် ဝါရင့် တပ်မှူးများသို့ဖြန့်ဝေပေးဖို့ ကျွန်တော်တို့တောင်းဆိုပါသည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းထားရှိခြင်းသည် မြန်မာနိုင်ငံတွင် ပြစ်ဒဏ်စီရင်းခြင်းမှ ကင်းလွတ်ခွင့်ပေးသည့်လုပ်ရပ်များနှင့် မတရားပြုမှုများကို ပပျောက်သွားစေရန် အရေးကြီးသောလုပ်ဆောင်မှုတရပ်ဖြစ်သည် ဟု ကျွန်တော်တို့ ယုံကြည်သည်။ ဤ ကော်မရှင်က တရားမျှတမှုနှင့် မိမိတို့ပြစ်မှုများအတွက် တာဝန်ယူဖြေရှင်းမှု ကင်းမဲ့နေသည့် မြန်မာနိုင်ငံတွင်းရှိ ယခုလက်ရှိအခြေအနေကို ပြောင်းလဲစေနိုင်မည်ဖြစ်သည်။ ပြီးတော့၊ လိုင်ဘီးရီးယားနှင့် ဘော့စ်စနီးယားနိုင်ငံတွေမှာ ဒီလိုပဲကော်မရှင်များရှိခဲ့သလို၊ မြန်မာနိုင်ငံ၏ ပဋိပက္ခများတွင် ပါဝင်သူအဖွဲ့များအားလုံးမှ အနာဂတ်တွင် ကျူးလွန်မည့် မတရားပြုမှုများကိုလည်း ရပ်တန့်စေမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ပထမအဆင့်သည် မကြာသေးမီနှစ်များအတွင်း စစ်မက်တွင် ပါဝင်သူ အဖွဲ့များအားလုံးက အပြည်ပြည်ဆိုင်ရာ ဥပဒေအား ချိုးဖောက်မှုများအပေါ် စာတမ်းပြုစုမှတ်တမ်းတင် မည်။ ဤ လုပ်ဆောင်မှုသည် ဆိုးရွားသော မတရားပြုမှုကို ခံရသူများအား အသိအမှတ်ပြုသော အမှန်တရားကို ဖော်ထုတ်သည့် အရေးကြီးသော လုပ်ရပ်ဖြစ်ရမည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့ဆိုရန် အပြည်ပြည်ဆိုင်ရာ ထောက်ခံမှုဟာ များပြားလာနေလျှက်ရှိသည်။ ၁၆ နိုင်ငံက ထောက်ခံပြီးဖြစ်သည်။ ထိုနိုင်ငံများမှာ ဩစတြေးလျ၊ ဘယ်ဂျီယံ၊ ကနေဒါ၊ ချက်စ့် သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်စတိုးနီးယား၊ ပြင်သစ်၊ ဟန်ဂေရီ၊ အိုင်ရာလန်၊ လက်ဗီယာ၊ လီသူးနီးယား၊ နယ်သာလန်၊ နယူးဇီလန်၊ ဆလိုဗားကီးယား၊ ဗြိသိလျှ၊ နှင့် အမေရိကန်နိုင်ငံများဖြစ်သည်။ တကယ်လို့ တပ်မတော်တခုလုံး၏ ဥပဒေအရာရှိ တယောက်အနေဖြင့် ကော်မရှင်ဖြင့် ပူးတွဲလုပ်ဆောင်သွားရန် လိုလားမှုကို ဖော်ထုတ်ခဲ့ရင်တော့၊ စစ်ဥပဒေများ ချိုးဖောက်နေမှုများကို ရပ်ဆိုင်းသွားအောင်နှင့် လုပ်ဆောင်ဖို့ ရည်ရွယ်ချက်ရှိကြောင်း ပြသရာရောက်မည်ဖြစ်သည်။

ကျွန်တော့်အနေနဲ့တော့ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးများနှင့် ဆက်စပ်နေသောအရာများကို ဗိုလ်ချုပ်နဲ့အတူ ဆက်သွယ်လုပ်ဆောင်သွားဖို့ အဆင်သင့်ရှိပါသည်။ နောက်ထပ် ဗိုလ်ချုပ်ကို ပြန်ပြီးထပ်တိုက်တွန်းလိုချင်တာကတော့ ပြည်သူများကို ကာကွယ်မှုများပေးဖို့နဲ့ စစ် ဥပဒေများကို လေးစားလိုက်နာသွားဖို့ ပါပဲ။

ရိုးသားစွာဖြင့်



James Ross
ဥပဒေရေးရာနှင့် ပေါ်လစီ ဒါရိုက်တာ
လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့
၃၅၀၊ လမ်း၅၊ ၃၄ ထပ်
နယူးရောက်၊ နရ
အမေရိကန်နိုင်ငံ

**မိတ္တူ။ ။**

၁။ ဒေါက်တာ ထွန်းရှင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှေ့နေချုပ်
၂။ သံအမတ်ကြီး ဦးသန့်ကျော်၊ ဂျီနီဗာရှိ ကုလသမဂ္ဂဆိုင် မြန်မာ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး
၃။ ဗိုလ်မှူးချုပ် ထွန်းနေလင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မော်လမြိုင်၊ မွန်ပြည်နယ်။
၄။ ဗိုလ်ချုပ် သက်နိုင်ဝင်း၊ အမှတ် ၄ စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ (ကစထ ၄)
၅။ ဗိုလ်မှူးကြီး နိုင်ဝင်း၊ အမှတ် ၁၂ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ ၁၂)၊ ကော့ကရိတ်၊ ကရင်ပြည်နယ်။